Since the British colonized Myanmar, Bengalis got permission to enter Myanmar without any barrier. They even threatened the native ethnic people and drove them out. By taking the opportunity of WWII, they created conflicts and set fire to 214 villages in Maungdaw Township, 185 villages in Buthidaung Township and 11 villages in Rathedaung Township.

The second time was in 1946. The Rohingya tried to combine Maungdaw and Buthidaung with Pakistan and they even contacted Pakistan leader Ali Jinnah, but they failed. They attacked the local residents and drove them out of their villages.

The third time was in 1951. They demand to have a separate land for their own. They went to Libya to try to establish the Mayyu region as the Arakiston State. Later, they established the Rohingya Liberation Party RLP.

The fourth time was in 1988 and they surrounded Maungdaw Township by the force of 50,000 people. They shouted that "Kill the Rakhine people with the will of GOD, make holy war and longtime Pakistan". They consider May 13 a holy day because they

*were able to drive the native ethnic people out of Maungdaw and Buthidaung Townships.*

*The fifth movement was in 1994 and they attacked Maungdaw Township with 12 timing bombs. The military could destroy them in time.*

*The sixth movement was in 2012 and they raped a Rakhine woman. They created conflicts in Buthidaung, Maungdaw and Rathedaung and they even did the Proclamation of Rohingya Independence State announcement.*

*In Conclusion - Rakhine State is in the track of Bengali people and it is necessary not to fall in their plans and tracks.*




## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် စစ်တပ်၏ အာဏာသိမ်းမှုတိုင်းတွင် ထင်ရှားသော နိုင်ငံရေးနှင့် လူမှုရေး ကသောင်းကနင်းဖြစ်မှုများ ကြုံတွေ့ခဲ့ရပြီး အမုန်းစကားပြဿနာသည် အဓိကစိန်ခေါ်မှု တစ်ခုအဖြစ် ပေါ်ထွက်လာသည်။ ရှုပ်ထွေးသော သမိုင်းဝင် မကျေနပ်ချက်များ၊ လူမျိုးရေး တင်းမာမှုများနှင့် ပါဝါ ဒိုင်းနမစ်များကြားတွင် အမြစ်တွယ်နေသည့် မြန်မာနိုင်ငံတွင် အမုန်းစကားများသည် အမျိုးသား သဟဇာတဖြစ်မှုနှင့် လူမှုတည်ငြိမ်ရေး ကို ကြီးမားသော ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာစေခဲ့သည်။ မြန်မာနိုင်ငံသည် လူမျိုးစု များ၏ စုံလင်လှသော ယဉ်ကျေးမှုဆိုင်ရာ လက္ခဏာများဖြင့် အမှတ်အသားပြု ထား သော်လည်း နိုင်ငံအတွင်းမတူကွဲပြားမှုများအပေါ် သည်းမခံနိုင်မှုနှင့် ကွဲပြားမှုများကို

အခြေခံသည့် ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်။

အမုန်းစကားသည် လူမျိုး၊ ဘာသာရေး သို့မဟုတ် လူမှုရေးအဆင့်အတန်းအပေါ်အခြေခံသည့် သီးခြားရပ်ရွာများအပေါ် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် ရန်လိုမုန်းတီးမှုများကို လှုံ့ဆော်ရန် ရည်ရွယ်သည့် ကျယ်ပြန့်သော စကားရပ်များ ပါဝင်သည်။ အင်တာနက်အသုံးပြုမှုနှင့် မိုဘိုင်းနည်းပညာများ တိုးတက်လာခြင်းနှင့်အတူ၊ အမုန်းတရားများပြည့်နှက်နေသော မက်ဆေ့ချ်များကို လျင်မြန်စွာ ဖြန့်ဝေခြင်းသည် လက်ရှိတင်းမာမှုများကို ပိုမိုဆိုးရွားစေပြီး အကြမ်းဖက်မှုနှင့် ဖယ်ကျဉ်ခံရသော အုပ်စုများအပေါ် ဖိနှိပ်မှုများအပါအဝင် လက်တွေ့ကမ္ဘာ၏ အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် အမုန်းစကား၏ သက်ရောက်မှုများသည် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများထက် များစွာ ကျယ်ပြန့်သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အုပ်ချုပ်ရေးမူများကို ပျက်ပြားစေသည့် ကျယ်ပြန့်သော အကြောက်တရားနှင့် ရန်လိုမှု ယဉ်ကျေးမှုကို စစ်တပ်မှ အမြဲဖန်တီးကြသည်။ အမုန်းစကားများ လျင်မြန်စွာ ပြင်းထန်သော လုပ်ရပ်များအဖြစ်သို့ လျင်မြန်စွာ ကြီးထွားလာနိုင်သည့် ပတ်ဝန်းကျင်ကို သွားလာခြင်းဖြင့် ထိခိုက်လွယ်သော အသိုက်အဝန်းများ၊ အထူးသဖြင့် တိုင်းရင်းသား လူနည်းစုများနှင့် ဘာသာရေးအုပ်စုများအတွက် အန္တရာယ်ပိုများသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ အမုန်းစကားများ၏ ဇစ်မြစ်နှင့် ဆင့်ကဲဖြစ်စဉ်ကို ခွဲခြမ်းစိတ်ဖြာပြီး လူမှုဆက်ဆံရေး၊ ငြိမ်းချမ်းရေးလမ်းစဉ်အပေါ် သက်ရောက်မှုများကို ပိုင်းခြားထားသည်။

အမုန်းစကား လည်ပတ်သည့် ယန္တရားများနှင့် ၎င်း၏ပျံ့နှံ့မှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရာများကို နားလည်ခြင်းဖြင့် ဤပြဿနာကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ BHRN ( Burma Human Rights Network )၏ လစဉ် အမုန်းစကား အစီရင်ခံစာ ရည်ရွယ်ချက်မှာ အမုန်းစကားများကို မှတ်တမ်းတင်ရန်နှင့် ခွဲခြမ်းစိတ်ဖြာရန်သာမက အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်များအပါအဝင် သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများကို အားပေးရန်ဖြစ်နှင့် အမုန်းစကားကို ရည်ညွှန်းသည့် စကားလုံးများကို တိုက်ဖျက်ရန်ဖြစ်သည်။

## ၂။ သုတေသနနည်းနာ

အမုန်းစကားသည် စိတ်ခံစားမှု အမုန်းတရားပေါ်မူတည်ပြီး ပေါ်ပေါက်လာသော စကားရပ်ဖြစ်သည့် အလျောက် အဓိပ္ပါယ်ဖွင့်ဆိုရန် ကျယ်ပြန့်ပြီး တိကျသော ဖွင့်ဆိုချက်ဟူ၍ မရှိပေ။ သို့ဖြစ်ရာ ယခုအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက်အမုန်းစကားဖွင့်ဆိုချက်ကို BHRN မှ အောက်ပါအတိုင်း သတ်မှတ်ထားသည်။ တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုတစ်စုကို ရည်ရွယ်၍ လူတစ်ဦးကို အကာ အကွယ်ပြုရမည့် ဝိသေသလက္ခဏာများကို ပြင်းထန်စွာ

ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ မုန်းတီးရန်လိုခြင်း၊ မုန်းတီးခြင်းတို့ကို ခွဲခြားနှိမ့်ချဆက်ဆံမှုများကို ထုတ်ဖော်ပြောဆိုခြင်း၊ စာဖြင့်ရေးသားခြင်း၊ အမူအယာဖြင့် ဖော်ပြခြင်း၊

အနုပညာဖြင့် ဖော်ပြခြင်းတို့ကို ဆိုလိုသည်။

လူသားတစ်ဦး၏ ကိုးကွယ်မှု၊ ဘာသာစကား၊ လိင်၊ လိင်စိတ်ခံယူမှု၊ နိုင်ငံသားဇစ်မြစ်၊ တိုင်းရင်း သားဖြစ်မှု၊ အသားအရောင်၊ လူမျိုး၊ ယုံကြည်မှု၊ နိုင်ငံသားဖြစ်မှု၊ အသားအရောင်၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်များ စသည့် မွေးရာပါအခွင့်အရေးများကို ထိခိုက်ပြောဆိုခြင်းတို့ကိုဆိုလိုပါသည်။ လေ့လာမှုတွင် တွေ့ရှိသည့် အမုန်းစကား များကို အောက်ပါအတိုင်းပြန်လည်ခွဲခြားပါသည်။ အပြစ်သားများအဖြစ်ပုံဖော်ရေးသားသည့် အမုန်းစကားများ၊ နိုင့်ထက်စီးနင်းပြောဆို သည့်အမုန်းစကားများ၊ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့်အမုန်းစကားများ၊ဆူပူအကြမ်းဖက်မှုကိုအားပေးသည့်အမုန်းစကားများ၊ခြိမ်းခြောက်မှုအဖြစ်ပုံဖော်ရေး သားသည့်အမုန်းစကားများ၊အကြမ်းဖက်မှုနှင့်အမုန်းစကားကြောင့်ကျူးလွန်သည့် လုပ်ရပ်များကို ဂုဏ်ယူစရာအဖြစ်ရေးသားသည့်အမုန်းစကားများ စသည်တို့ဖြင့် အမျိုးအစားခွဲခြားထားပါသည်။

BHRN သည် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးစစ်ရေးတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် စစ်တပ်နှင့် ၎င်း၏ ဝါဒဖြန့်ချန်နယ်များမှ ဖြန့်ဝေနေသည့် သတင်းအကြောင်းအရာများ တွင် ပါဝင်သည့် အမုန်းစကားအသုံးအနှုန်းများကို နေ့စဉ်လေ့လာစောင့်ကြည့်မှတ်တမ်းတင်ထားပါသည်။

အမုန်းစကားများဖြန့်ဝေရန်အတွက် စစ်အစိုးရနှင့် ထောက်ခံသူများ အသုံးပြုနေသည့် အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာတို့ကို စောင့်ကြည့်ခြင်းဖြင့် ဤအစီရင်ခံစာကို စုစည်းထားပါသည်။ အထူးသဖြင့် BHRN သည် 2024 ခုနှစ် စက်တင်ဘာလတွင် Facebook ဌp ၃ ခု၊ Facebook အကောင့် ၁၃ ခု၊ Telegram Channels ၂၄ ခု ၊ Tiktok account ၂၁ ခု ၊ နှင့် Printed Media ၄ ခုကို နေ့စဉ် စောင့်ကြည့်ခဲ့ပါသည်။

## စစ်ကောင်စီဝါဒဖြန့်မှုနည်းလမ်းများ

စစ်ကောင်စီသည် အမုန်းစကားများကို အသုံးချ၍ ၎င်းတို့၏ ဝါဒဖြန့်မှုကို ထိထိရောက်ရောက် အသုံးပြုလျက်ရှိသည်။ ထိုဝါဒဖြန့်နည်းလမ်းများတွင် ထပ်ခါတလဲလဲပြောဆိုရေးသားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြိုးကိုင်ခြယ်လှယ်ခြင်း၊ လှည့်စားခြင်းနှင့် အချက်အလက်များကို ကောက်နှုတ်ရွေးချယ်တင်ပြခြင်းတို့ ပါဝင်သည်။ ထိုနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စစ်တပ်သည် ၎င်းတို့၏ အတွေးအခေါ်ကို မြှင့်တင်ပေးသည့် ဇာတ်ကြောင်းများကို ဖန်တီးကာ “တိုင်းပြည်အား မပြိုကွဲအောင် ကာကွယ်ပေးနေသူများအဖြစ်လည်းကောင်း၊ အမျိုးဘာသာ သာသနာအား စောင့်ရှောက်သူများအဖြစ်လည်းကောင်း၊ သဟဇာတဖြစ်အောင် ဖော်ဆောင်နေသူများအဖြစ်လည်းကောင်း၊ သဘောထားကြီးသူအဖြစ်လည်းကောင်း ပုံဖော်ထားကြသည်။ စစ်ကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်သူ့ကာကွယ်ရေးဘက်တော်သားများအား အပြစ်

သားအဖြစ်ပုံ ပိုင်းပြည်အပွင်းမငြိမ်းချမ်းမှုများကို ဖန်တီးသူများအဖြစ်ပုံဖော်ထားသည်။ အမုန်းစကားများကို အသုံးပြု၍ စိတ်အလိုမကျမှု၊ ဒေါသဖြစ်မှု၊ ကြောက်ရွံ့မှု သို့မဟုတ် နာကြည်းမှုကဲ့သို့သော ပြင်းထန်သော စိတ်ခံစားမှုများကို လှုံ့ဆော်ပေးသည့် ဝါဒဖြန့်ဖြန့်ကျက်မှုကို အသုံးပြုလျက်ရှိသည်။ စစ်အစိုးရသည် ပစ်မှတ်ထားသော နယ်မြေများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်သည့် စွပ်စွဲထားသော ဖြစ်ရပ်များ သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖျက်ထားသည့် ဖြစ်ရပ်များကို အဆိုပါ စိတ်ခံစားမှုများကို အသုံးချပြီး ပြည်သူများအကြားရောက်ရှိအောင် ဖြန့်ဝေသည့်နည်းကို အသုံးပြုသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူများသည် တော်လှန်ရေးအပေါ် စိတ်လျော့ခြင်းများ၊ အချင်းချင်း စိတ်ဝမ်းကွဲမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

ထိုသို့ အချင်းချင်းအကြား စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်သည့်အခါ လူ့အဖွဲ့အစည်းသည် စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်သော မူဝါဒများကို အပြစ်တင်ခြင်း၊ မေးခွန်းထုတ်ခြင်းဘက်သို့ အာရုံမရတော့ပဲ လူ့အဖွဲ့အစည်းအကြား အချင်းချင်း မေးခွန်းထုတ်ခြင်း၊ စိတ်ပျက်ခြင်းနှင့် နာကြည်းခြင်းတို့ကို ဖြစ်ပေါ်စေသည်။

## ၃။ လူမှုကွန်ရက်များတွင် အမုန်းစကားတွေ့ရှိချက်များ

BHRN ၏ ယခုလလေ့လာစောင့်ကြည့်မှုတွင် အမုန်းစကားအရေအတွက် ( ၁၁၄ ) ခုကို တွေ့ရှိခဲ့သည်။ အမုန်းစကားဖြန့်ဝေသူများသည် Facebook Account များပျက်ပါက အကောင့်သစ်များဖွင့်ခြင်းနှင့် Telegram channel များကို အသုံးပြုကြသည်။ ထို့အပြင် စစ်ကောင်စီသည် ၎င်းတို့၏ ဝါဒဖြန့်ဝေမှုအား Telegram channel များနှင့် Tiktok များကို အဓိကထားအသုံးပြုပြီး အမုန်းစကားများကို ကာတွန်းများဖြင့် ဖော်ပြမှုများလည်းရှိသည်။

**အမုန်းစကားဦးတည်ပစ်မှတ်များနှင့် အသုံးအနှုန်းများ**

စက်တင်ဘာလ လေ့လာစောင့်ကြည့်မှုတွင် တွေ့ရှိရသည့် အမုန်းစကားများ၏ ဦးတည်ပစ်မှတ်များမှ ယခုတွေ့ရှိမှုတွင် အမုန်းစကားဦးတည် တိုက်ခိုက်ခံရမှု အများဆုံးမှာ PDF များဖြစ်ပြီး ဒုတိယတိုက်ခိုက်မှုအများဆုံးမှာ AAကို ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများဖြစ်ကာ တတိယအများဆုံးမှာ TNLA/MNDAA ကို ရေးသားပြောဆိုကြသည့် အမုန်းစကားတို့ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၊ ရိုဟင်ဂျာလူမျိုးများနှင့် နှင့် အစ္စလာမ်ဘာသာဝင်များအပေါ် ဦးတည်တိုက်ခိုက်သည့် အမုန်းစကားများကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ယခုလတွင် အမုန်းစကားဖြန့်ဝေမှုများတွင် အသုံးအများဆုံးအသုံးအနှုန်းများ

မှာ ခွေး ၊ အကြမ်းဖက်၊ ကုလား ၊ ဖာ ၊ ဝက်မစား ၊ မိစ္ဆာ ၊ ခိုးဝင်ဘင်္ဂါလီ ၊ ရိုလိမ်ညာ တို့ဖြစ်သည်။

**ပြည်သူ့ကာကွယ်ရေးတပ်မတော်သား(PDF)များအပေါ် အမုန်းစကားဖြန့်ဝေမှု**

စစ်ကောင်စီသည် ၎င်းနှင့် ရင်ဆိုင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများကို အမုန်းစကားဖြန့်ဝေသည့်အခါ၌ မှားယွင်းသောအချက်အလက်များကို အသုံးပြုလေ့ရှိသည်။ မမှန်သတင်း

များဖြင့် အမုန်းစကားပေါက်ပွားစေရန် ရည်ရွယ်၍ အချက်အလက်အမှားများကို အခိုင်အမာအသုံးပြုကာ လှုံ့ဆော်လေ့ရှိသည်။




၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ပြည်မြို့နယ်၊ ဝက်ထီးကန်ကျေးရွာ၊ နဝင်းလမ်း ကန်ဖျားမဟာစည်ကျောင်းတိုက်သို့ ရောက်ရှိလာသည့် ဆရာတော် ဘဒ္ဒန္တဝိမလ သက်တော်(၅၇) ၊ ဝါတော်(၃၇)ကို လုပ်ကြံသတ်ဖြတ်သူများမှာ PDF များဖြစ်ကြောင်း စစ်ကောင်စီက နောင်ရိုးဟစ်တိုင် Telegream Channel မှာ အမုန်းစကားရေးသားဝါဒဖြန့်ချီထားသည်။ လူသတ်မီးရှို့ ဆက်ကြေးကောက်ရုံတင်မက ဘုန်းကြီးပါသတ်သူဟူသော ရေးသားချက်တွင် PDF များအား အကြမ်းဖက်မှုကို ပြုလုပ်သူအဖြစ်လည်းကောင်း သာသနာအား ဖျက်ဆီးသူများအဖြစ်လည်းကောင်း အပြစ်သားအဖြစ် ပုံဖော်ရေးသားထားသည်။ မူရင်းပို့စ် နောင်ရိုးဟစ်တိုင်

PDF တပ်ဖွဲ့ဝင်တစ်ဦး၏ နေ့လည်စာစားနေပုံကို ဖော်ပြ၍ ဖက်ခွက်စားများဟု သွယ်ဝိုက်သောနည်းဖြင့် အမုန်းစကားဖြန့်ဝေထားသည်။ ဖက်ခွက်စားဟူသော အဓိပ္ပါယ်ကိုလည်း PDF များက တချို့က ဖက်နှင့် စားကြောင်း တချို့က ခွက်နှင့်စားကြောင်း ထို့ကြောင့် ဖက်ခွက်စား ဖြစ်ကြောင်း Saw Ba Maung Telegram Channelတွင် ရှင်းပြထားသည်။ မြန်မာစကားတွင် ဖက်ခွက်စားဆိုသော အဓိပ္ပါယ်မှာ အများသူငှာဆီမှ တောင်းရမ်းစားသောက်နေသူများကို ရည်ညွှန်ခြင်းဖြစ်သည်။ ထိုဖော်ပြချက်တွင် PDF များအား ခွေးနှင့် ခိုင်းနှိုင်းကာ လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကား၊ PDF များ တောင်းရမ်းစားသောက်သူများအဖြစ် ပုံဖော်ကာ နိုင့်ထက်စီးနင်းရေးသားထားသည့်အမုန်းစကားများကို ထည့်သွင်းဖော်ပြထားသည်။ မူရင်းပို့စ် Saw Ba Maung

PDF များ၏ ဖယောင်းတောင်ကာကင်းအား စစ်တပ်မှ ဝင်ရောက်မီးရှို့ခဲ့သည့်အတွက် PDF များ အထိနာကာ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးခဲ့သည်ဟု Min Thu 00111 Tiktok ACCအကောင့်မှ ဖြန့်ဝေထားသည်။ ထိုဖော်ပြမှုတွင် ပီဒီအက်စ်များအား မိစ္ဆာ၊ ခွေး၊ ဝက် စသည့်ဖြင့် လူအဖြစ်မှ နှိမ့်ချဆက်ဆံသည့် အမုန်းစကားများကို ဖော်ပြထားသည်။ မူရင်း

ပို့စ် Min Thu 00111




PDF များသည် ကျေးရွာများကို စိုးမိုးပြီး နောက်ပိုင်း၌ ၎င်းတို့ စိုးမိုးထားသည့် ကျေးရွ ာများက လူငယ်များကို PDF အဖွဲ့သို့ ဝင်ရောက်ရသည့်အပြင် ကျေးရွာအတွင်းက မိန်းမပျိုးလေးများ အား အဓမ္မပြုကျင့်မှုများ ကျူးလွန်နေသည်ဟု AKMG Tiktok acc တွင် အမုန်းစကားဖြန့်ဝေထားသည်။ ထိုဖြန့်ဝေမှုတွင် ပီဒီအက်စ်များအား အကျင့်စာရိတ္တ ပျက်ပြားသူများ အဖြစ်လည်းကောင်း ပြည်သူများအား ခြိမ်းခြောက်သူ များ အဖြစ်လည်းကောင်း ဖော်ပြထား သည်။ ထိုဖော်ပြချက်များအရ PDF များကို အပြစ်သားများအဖြစ်ပုံဖော်သည့် အမုန်းစကားများ နှင့်ထက်စီနင်းရေးသားထားသည့် အမုန်းစကားများ ရေးသားထား သည်။ မူရင်းပို့စ် AKMG

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြည်သူများ အိုးအိမ်မဲ့ခြင်းကိစ္စရပ်များ၏ အဓိကတရားခံမှာ NUG လက်အောက်ခံ လက်ပါးစေ PDF များကြောင့်ဖြစ်သည်ဟု စစ်သွေး Telegram Channel တွင် ဖော်ပြထားသည်။ PDF များသည် မိမိနှင့်အမြင်မတူသူများ၊ ၎င်းတို့အား မထောက်ခံသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးသည်ဟု PDF များအား အကြမ်းဖက်သူများအဖြစ် ပုံဖော်ထားသည့် အမုန်းစကားကို ထည့်သွင်းဖော်ပြထားသည်။ မူရင်းပို့စ် စစ်သွေး

## ခရစ်ယာန်ဘာသာဝင်များအပေါ် ဦးတည်တိုက်ခိုက်သော အမုန်းစကားများ

ကချင်လူမျိုးများ၏သမိုင်းဝင်နေရာတစ်ခုဖြစ်သော စိန်လုံတောင်အား KIA မှ တိုက်ခိုက်သိမ်းယူပြီးနောက် ကချင်အဆိုတော်တစ်ဦးဖြစ်သော Mai Mai Seng မှ သူမ၏သဘောထားကို ရေးသားရာတွင် ကချင်လူမျိုးများ၏ သမိုင်းဝင်နေရာတစ်ခုဖြစ်သော စိန်လုံတောင်တွင် စစ်တပ်သည် ဘုရားစေတီများတည်၍ ဒေသခံများအား ရက်ရက်စက်စက်နှိပ်စက်ခဲ့ကြသောကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ်များအနေဖြင့် ဘုရားဟု မသုံးနှုံးသင့်ကြောင်း ရေးသားခဲ့မှုကို မှိုင်းဝေတယ်လီဂရမ်ချန်နယ်မှ ပြန်လည်ဖော်ပြခဲ့သည်။

Mai Mai Seng ၏ ထိုကဲ့သို့ရေးသားမှုကြောင့် ပြည်တွင်းတွင် ကချင်ခရစ်ယာန်တွေနေထိုင်သည့် ဘုရားကျောင်းများကို ဗုဒ္ဓဘာသာဝင်များအနေဖြင့် ပြန်လည်လက်တုန့်ပြန်သင့်သည်ဟု ရေးသားဖော်ပြထား သည်။ ထိုရေးသား ဖော်ပြမှုတွင် ခရစ်ယာန်ဘာသာဝင်များမှ ဗုဒ္ဓဘာသာအား ဖျက်ဆီးနေသည့်အတွက် ဗုဒ္ဓဘာသာများအနေဖြင့် ပြန်လည်လက်တုန့်ပြန်ရန် ဘာသာတစ်ခုနှင့်တစ်ခု အကြားပဋိပက္ခ ဖြစ်ပေါ်စေရန် ခြိမ်းခြောက်ရေးသားထား သော အမုန်းစကားရေးသားမှု ဖြစ်သည်။ [မူရင်းပို့စ် မှိုင်းဝေ]




ကချင်ပြည်နယ်တွင် ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ်ထားသည့် ဘုရား၊ စေတီများ အပေါ် စော်ကားသည့် လုပ်ရပ်များ ဆက်လက်လုပ် ဆောင်ပါက မြန်မာနိုင်ငံတဝှမ်းရှိ ခရစ်ယာန်ဘာသာကျောင်းတွေ အားလုံးကို မီးလောင် တိုက်သွင်းပစ်မည်ဟူသော အမုန်းစကားဖြန့်ဝေမှုကို Sitthukha အမည်ရှိ Tiktok အကောင့်တွင် ဖော်ပြထားသည်ကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါဖော်ပြမှုတွင် ခရစ်ယာန်ကျောင်းများကို




မီးရှို့မည်ဟူသော ခြိမ်းခြောက်မှုအဖြစ် ပုံဖော်ထားသည့် အမုန်းစကားအကြမ်းဖက်မှုပြုလုပ်ရန် အားပေးသည့် အမုန်းစကား ဖြန့်ဝေမှုကို တွေ့မြင်ရသည်။ [မူရင်းပို့စ် Sitthukha]




## အစ္စလာမ်ဘာသာဝင်များအပေါ် ဦးတည်တိုက်ခိုက်မှုများ

အရှေ့အလယ်ပိုင်းပြဿနာများကြောင့် ဥရောပနိုင်ငံများ၏ မွတ်စလင် လက်ခံရေး Migrant Policy တွင် နယ်သာလန်နိုင်ငံမှ မပါဝင်တော့ကြောင်း အရေးပေါ်ကြေငြာဟု Poonoi Tina Facebook acc မှာ ရေးသားဖော်ပြထားသည်။ အဆိုပါဖော်ပြချက်တွင် အစ္စလာမ်ဘာသာဝင်များအား ဝက်မစားဟု ခိုင်းနိုင်းကာ နိုင့်ထက်စီးနင်းပြောဆိုရေးသားထားသည့် အမုန်းစကားကို ဖြန့်ဝေထားသည်။ **မူရင်းပို့စ်** Poonoi Tina

လက်ရှိတွင်ဖြစ်ပေါ်နေသော အစ္စရေးနှင့် အီရန်အရေးအခင်းတွင် အီရန်နိုင်ငံအား တိုက်ခိုက်ပါက အစ္စလာမ်ဘာသာဝင်များ ပျောက်ကွယ်ပြီး နောက်ပိုင်းနှစ်များတွင် ပုံရေးပြမှသာ သိနိုင်တော့မည့် အနေအထားဖြစ်သွားနိုင်သည်ဟု KRPL Telegream Channel တွင်




အစ္စလာမ်ဘာသာဝင်များကို တိုက်ခိုက်သည့် အမုန်းစကားကို ဖြန့်ဝေထားသည်။ အစ္စရေးနှင့် အီရန် စစ်ပွဲသည် ဘာသာရေးစစ်ပွဲအသွင် ဖော်ဆောင်ပြီး အစ္စလာမ်ဘာသာဝင်များအား ကုလားဟု သုံးနှုန်းကာ နိုင်ထက်စီးနင်း ပြောဆိုရေးသားထားသည့် အမုန်းစကားကို ဖြန့်ဝေထားသည်။ **မူရင်းပို့စ်** KRPL

Facebook လူမှုကွန်ရက်တွင် မိုဘိုင်းဖုန်းအတွင်းရှိ ဗုဒ္ဓဘာသာဝင်တို့၏ မြတ်စွာဘုရား ပုံတော်များအား ခြေထောက်ဖြင့် အသုံးပြုသည်ဟု စစ်တပ်က စွပ်စွဲဖမ်းဆီးထားသည့် အမျိုးသားတစ်ဦး၏ပုံကို ဖော်ပြကာ ဘာသာရေးစော်ကားသည့် အစ္စလာမ်ဘာသာဝင်တဦးအဖြစ် ပုံဖော်ထားသော အမုန်းစကားဖြန့်ဝေမှုကို တွေ့ရှိရသည်။ ဘာသာတခုအား အထင်အမြင်လွဲမှားအောင် အမုန်းစကား ဖြန့်ဝေခြင်းကို စစ်သတင်း Telegram Channel က ဖော်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖော်ပြချက်၌ပင် အစ္စလာမ်ဘာသာဝင်များသည် တိုင်းပြည်အတွင်းနေထိုင်သည့် ဧည့်သည်များအဖြစ် ပုံဖော်ထားသည်။ အစ္စလာမ်ဘာသာဝင်များအား ကုလားဟုလည်းကောင်း၊ ဧည့်နိုင်ငံသား အဖြစ်လည်းကောင်း၊ နိုင့်ထက်စီးနင်း စော်ကားထားသည့် အမုန်းစကားများ၊ အပြစ်သားအဖြစ် ပုံဖော်ထားသည့် အမုန်းစကားများကို ဖြန့်ဝေထားသည်။ **မူရင်းပို့စ် စစ်သတင်း**

**အမျိုးသမီးများအပေါ် ပစ်မှတ်ထားရေးသားကြသည့်အမုန်းစကားများ**

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း ဆိုရှယ်မီဒီယာတွင် ဆန္ဒဖော်ထုတ်သည့် ပုံများတင်ခဲ့ဖူးသည့် Kibou Japanese Language School ပိုင်ရှင် အမျိုးသမီးအား ဖမ်းဆီး အရေးယူ နှိပ်စက်ရန်နှင့် သူမ၏ ပိုင်ဆိုင်မှုများအား ချိတ်ပိတ်ရန်အတွက် ခြိမ်းခြောက် ရေးသားထားသည့် အမုန်းစကား ရေးသားမှုတစ်ခုကို Death OF NUG(DOG) အမည်ရှိ တယ်လီဂရမ်ချန်နယ်တွင် ဖော်ပြထားသည်။ [မူရင်းပို့စ် Death OF NUG(DOG)]

ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရစာသင်ကျောင်းတစ်ကျောင်းမှ ကျောင်းဆရာမတစ်ဦးအား အစိုးရလစာစားပြီး ကလေးတွေကို ကြီးလာရင် ရခိုင်နိုင်ငံခွဲထွက်ခွင့်ရအောင် AA အဖွဲ့ အတွင်းသို့ ဝင်ရောက်ရန် သိမ်းသွင်းနေသည် ဟူ၍ စွပ်စွဲ ရေးသားထားပါသည်။ ထို ရေးသားမှုတွင် လူ့အဖြစ်မှနှိမ့်ချ၍ ခွေးနှင့် ခိုင်းနှိုင်း ရေးသားထားသော အမုန်းစကား ကို လည်း Min Chit Oo တယ်လီဂရမ်ချန်နယ် တွင် ထည့်သွင်း ဖော်ပြထားသည်။ [မူရင်းပို့စ် MIn Chit Oo]

တော်လှန်ရေးတွင် ပါဝင်နေသည့်ဟုဆိုကာ ဘန်ကောက်ရောက်နေသည့် PDF ထောက်ပို့ များသည် NLDထောက်ခံသည့် အမျိုးသမီး များနှင့် ကျူးလွန်ပျော်ပါးမှုများကြောင့် ကိုယ်ဝန် ဆောင်ထားမှုပိုမို များပြားပြီး မည်သူနှင့်ရသည့် ကိုယ်ဝန်ဆိုတာ မသိရှိကြ မှုများ ကြုံတွေ့နေရကြောင်း အမျိုးသမီးများ




အပေါ် လိင်ပိုင်းဆိုင်ရာ နှိုင့်ထက်စီးနင်း ပြောဆိုထားသည့် အမုန်းစကားကို စစ်သွေး တယ်လီဂရမ်ချန်နယ်တွင် ဖော်ပြထားသည်။ [မူရင်းပို့စ် စစ်သွေး]

Non CDM ကျောင်းသားများနှင့်ပတ်သက်ပြီး Aye Chan Kyi Phyu acc မှ ရေးသားမှုကို ဟန်ငြိမ်းဦး တယ်လီဂရမ်ချန်နယ်တွင် ပြန်လည်ဖော်ပြကာ စင်္ကာပူနိုင်ငံကနေပြီး အကြမ်းဖက်မှုများကို နေ့စဉ် သွေးထိုးမှုများပြုလုပ်နေသည်။ စင်္ကာပူနိုင်ငံတွင်နေထိုင်ပေ မယ့် ပက်စ်ပို့ ဗီဇာတိုကို ပိတ်သိမ်းရန်နှင့် မြန်မာပြည်ရှိနေအိမ်ကိုပါ ချိတ်ပိတ်ရန်

လုပ်ဆောင်မည်ဟု အမျိုးသမီးတဦးအပေါ် ခြိမ်းခြောက် ရေးသားထားသည့် အမုန်းစကား ကို ရေးသားဖော်ပြထားသည်။ မူရင်းပို့စ် ဟန်ငြိမ်းဦး

## ရခိုင့်တပ်မတော် AA အား အမုန်းစကားဖြန့်ဝေမှု

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်ကောင်စီတပ်နှင့် AA တို့အကြား တိုက်ပွဲများ ဖြစ်ပွါးခဲ့ သည်။ အဆိုပါ စစ်ပွဲများအကြားတွင် စစ်ကောင်စီတပ်သည် ရခိုင်တိုင်းရင်းသားလူငယ် များအား ဖမ်းဆီးသတ်မှုဖြတ်များကို ကျူးလွန်နေသည်ဟု ပြောဆိုချက်များကို စစ် ကောင်စီ၏ ဝါဒဖြန့်ချန်နယ်တခုဖြစ်သည့် Khit Thit Myanmar Telegram Channel တွင် တိုက်ပွဲမဖြစ်ပွားခင်ကတည်းက AA ခြေကုတ်ယူထားသည့် မောင်တောမြို့တွင် ရခိုင်လူမျိုး များမရှိတော့ကြောင်း လွတ်မြောက်နယ်မြေသို့ ပို့ဆောင်ထားသည်ဟု ဖော်ပြထားသည်။ အဆိုပါ ဖော်ပြချက်တွင် AAကို ခွေးအဖြစ်ခိုင်းနှိုင်းကာ လူအဖြစ်မှ နှိမ့်ချပြောဆိုထား သည့် အမုန်းစကားကို ထည့်သွင်းထားသည်။ မူရင်းပို့စ် Khit Thit Myanmar

ရခိုင်ပြည်နယ်မောင်တောမြို့နယ်တွင် စစ်ကောင်စီမှ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် AA အဖွဲ့ ဝင်များ သေဆုံးမှုကို Min Chit Oo Telegram Channel ၌ ဖော်ပြရာတွင်

AA အဖွဲ့ဝင်များအား ခဲဝါများဟု သုံးနှုန်းထားသည်ကို တွေ့ရသည်။ ခဲဝါ ဟူသောအသုံးသည် ရခိုင်ဘာသာစကား

အရ ခွေးအ များဟု အဓိပ္ပါယ် သက်ရောက်သည့်အတွက် လူအဖြစ်မှ နှိမ့်ချပြောဆိုသည့် အမုန်းစကားဖြန့်ဝေ မှုကို တွေ့မြင်ရသည်။ မူရင်းပို့စ် Min Chit Oo




ရခိုင်ဘုန်းတော်ကြီးတစ်ပါး၏ ရခိုင်တွင် အစာရေစာ ပြတ်လပ်ခြင်းထက် ဗုံးသံ သေနတ် သံမကြားရရင်ပင် အေးချမ်းနေပါပြီဟူသော ရခိုင်တွင် ဖြစ်ပေါ်နေသော အခြေအနေများ ကို Facebook လူမှုကွန်ရက်တွင် မျှဝေထားသည်။ အဆိုပါ မျှဝေမှုကို Ko Thet Telegram Channel ၌ အဆိုပါ ဘုန်းတော်ကြီးအား AA ဘက်တော်သားအဖြစ်ဖော်ပြထားပြီး နောက်ထပ်လဲ တိုက်ခိုက်မှုများ ထပ်လာဦးမည်ဟု အမုန်းစကား ဖြန့်ဝေထားသည်။ အဆိုပါ ဖြန့်ဝေမှုတွင် မြန်မာတို့၏ အထွဋ်အမြတ်အလေးထားသည့် ဘုရားသားတော် ဘုန်းတော်ကြီးအား ခွေး အဖြစ် ခိုင်နှိုင်းကာ လူအဖြစ်မှနှိမ့်ချပြောဆိုထားသည့် အမုန်း စကားကို ဖြန့်ဝေထားသည်။ မူရင်းပို့စ် Ko Thet




ရခိုင်ပြည်နယ် သံတွဲမြို့တွင် ရခိုင့်တပ်မတော် AA မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကောက်ခံနေသည် ကို စစ်တပ်၏ ဝါဒဖြန့် Channel တခုဖြစ်သည့် နေပြည်တော် Channel တွင် ပြန်လည်ထူထောင်ရေးဂွင်ဟု ခေါင်းစဉ်တပ်ကာ အမုန်းစကားဖြန့်ဝေခဲ့သည်။ AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင် တည်ထောင်ထားသည့် တပြည်ထောင်စနစ်ကို လှောင်ပြောင်ထားမှုတွင် AA အား အကြမ်း ဖက်ဟု သုံးနှုန်းကာ အပြစ်သားအဖြစ် ပုံဖော်သည့် အမုန်းစကားဖြန့်ဝေမှုကို တွေ့ရသည်။ **မူရင်းပို့စ် နေပြည်တော်**

**ရိုဟင်ဂျာများအပေါ် ပစ်မှတ်ထား အမုန်းစကားဖြန့်ဝေမှုများ**

ရခိုင်ပြည်နယ် မြောက်ပိုင်း မေယုခရိုင်တွင် အခြေချနေထိုင်သည့် ရိုဟင်ဂျာများသည် တိုင်းရင်းသားများမဟုတ်ကြောင်း၊ မြန်မာနိုင်ငံသည် တိရိစ္ဆာန်ဥယျာဉ်မဟုတ်ကြောင်း ၎င်းတို့သည် လူမျိုးလိမ်များဖြစ်ကြောင်းနှင့် ဘင်္ဂါလီများသာဖြစ်သည်ဟူသော အမုန်းစကားဖြန့်ဝေမှုကို Min Bar Yar Zar FaceBook Acc တွင် ဖော်ပြထားသည်။ ၎င်း၏ ဖော်ပြချက်တွင် ရိုဟင်ဂျာများအား လူမျိုးလိမ်များ၊ ရိုလိမ်ဂျာများ ဟု အပြစ်သားများအဖြစ်ပြော ဆိုခြင်း၊ ရိုဟင်ဂျာများအား ခွေး၊ ဝက် ဟုသုံးနှုန်းကာ လူအဖြစ်မှနိမ့်ချပြောဆိုခြင်း စသည့် အမုန်းစကားများကို ဖြန့်ဝေထားမှုကို တွေ့ရသည်။ **မူရင်းပို့စ် Min Bar Yar Zar**




ရခိုင်ပြည်နယ် မောင်တောမြို့တွင် တိုက်ပွဲများ ပြင်းထန်နေခြင်းကြောင့် ဒေသခံ ရိုဟင်ဂျာများ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်ပြေးမှု Zaw Myo Oo Facebook Page ၌

ဖော်ပြရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခိုးဝင်သွားသည့် သတ္တဝါများဟု သုံးနှုန်း ပြောဆိုထားသည်။ အဆိုပါ ပြောကြားချက်ကို Takhom Mart က လက်ဆင့်ကမ်းမျှဝေကာ ရိုဟင်ဂျာများအား ခွေးဖြင့်ခိုင်းနှိုင်းကာ လူ့အဖြစ်မှနှိမ့်ချသည့် အမုန်းစကား၊ လူမျိုးအား လိမ်လည်ထားသည်ဟူသော နိုင်ထက်စီးနင်ပြောဆိုသည့် အမုန်းစကားများကို ဖြန့်ဝေထားသည်။ [မှုရင်းပို့စ်](#) [Takhom Mart](#)

ရိုဟင်ဂျာများသည် ရိုဟင်ဂျာအမည်ခံ ဧည့်ကျွန်များ၊ အကြမ်းဖက်သူများအဖြစ် ပြည်သူချစ်စစ်သား အာရက္ခတပ်တော် Facebook Page တွင် အမုန်းစကားဖြန့်ဝေထားသည်။ အဆိုပါ ဖော်ပြမှုတွင် ရိုဟင်ဂျာအား လူမျိုးလိမ်များအဖြစ် အပြစ်သားများအဖြစ် ပုံဖော်ထားသည့် အမုန်းစကားဖြန့်ဝေမှုကို တွေ့မြင်ရသည်။ [**မှုရင်းပို့စ် ပြည်ချစ်စစ်သား အာရက္ခတပ်တော်**](#)

## ၄။ ပုံနှိပ်မီဒီယာများတွင် အမုန်းစကားတွေ့ရှိချက်များ

**ရိုဟင်ဂျာများနှင့် ပတ်သက်သည့် အမုန်းစကားများ**

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာများသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ အရေးအခင်း

နောက်ပိုင်းတစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြခြင်းမှ အစပြုပြီး နိုင်ငံတကာ၌ အရေးကြီးသောကိစ္စရပ်တခုဖြစ်လာသည်ဟု အစပြုထားသော Bullet ဂျာနယ်ပါ ဆောင်းပါးတွင် ရိုဟင်ဂျာများအား ဦးတည်တိုက်ခိုက်ထားသည့် အမုန်းစကားများစွာပါဝင်သည်ကို တွေ့ရသည်။

ဆောင်းပါးတွင် ရိုဟင်ဂျာများသည် ခိုးဝင်ဘင်္ဂါလီများသာဖြစ်ကြောင်း ၁၉၄၂ ခုနှစ် နယ်မြေလု ဂျီဟတ်စစ်တွင် တိုင်းရင်းသားမျိုးနွယ်စုများကို မောင်တော၊ ဘူးသီးတောင် နယ်မြေမှ မောင်းထုတ်နိုင်ခဲ့သည့် မေလ ၁၃ ရက်နေ့ကို နေ့ထူးနေ့မြတ် အဖြစ်လည်းကောင်း ၁၉၆၃-၆၄ ခုနှစ်ခန့်မှ စတင်ကာ ၎င်းတို့သည် မြန်မာနိုင်ငံသားရိုဟင်ဂျာများဖြစ်ကြောင်း လူမျိုးလိမ်အမည်ဖြင့် ဝါဒဖြန့် လှုပ်ရှားလာခဲ့ကြသည်ကြောင်း ရခိုင်ပြည်နယ်၏ မေယုခရိုင်ကို မွတ်စလင်နယ်မြေအဖြစ် သိမ်းယူရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အချက်အလက်အမှားများဖြင့် စာဖတ်သူများအား အမုန်းစကားဖြန့်ဝေထားသည်။

စစ်တပ်နောက်ခံ ပါတီတစ်ခုဖြစ်သော ကြံ့ခိုင်ရေးပါတီ၏ အမတ်ဟောင်း ဦးလှဆွေ ဦးစီးထုတ်ဝေသည့် စက်တင်ဘာလထုတ် Bullet ဂျာနယ် Vol (6) , No (29 ) ၌ ကလောင်ရှင် စွန်ရဲ ရေးသားထားသည့် ‘‘ ဘင်္ဂါလီ ထောင်ချောက်မိနေသော ရခိုင်ပြည်နယ် ’’ ခေါင်းစဉ်ဖြင့် ဆောင်းပါးတွင် ရိုဟင်ဂျာများအား ခိုးဝင်များအဖြစ်လည်းကောင်း၊ အကြမ်းဖက်များအဖြစ်လည်းကောင်း၊ အပြစ်သားများအဖြစ်လည်းကောင်း ရိုဟင်ဂျာများသည် တိုင်းပြည်အတွက် အန္တရာယ်ရှိနေသည့်ပုံစံအဖြစ်လည်းကောင်း ပုံဖော်ရေးသားထားသည့် အမုန်းစကားကို ထည့်သွင်းဖော်ပြထားသည်။ [**ဘင်္ဂါလီ ထောင်ချောက်မိနေသော ရခိုင်ပြည်နယ်**](#)

ဆောင်းပါး



Bullet News Journal

Vol(8), No(29)

We are the citizens of Myanmar.
Myanmar is our motherland.
Please UN, help us to go back to our motherland.
Please world community, help us to save our rights in Myanmar.
LET'S GO HOME: LET'S GO TO MYANMAR

ဘင်္ဂါလီ ထောင်ချောက်မိနေသော ရခိုင်ပြည်နယ်

ဘင်္ဂါလီကုလားများ အရေးကိစ္စမှာ နိုင်ငံတကာ၏ မျက်နှာစာတွင် အရေးကြီးသော ဖြစ်ရပ်တစ်ခုအဖြစ် ပုံဖော်ခြင်းခံလိုက်ရပြီး နိုင်ငံတကာတရားရုံးတွင် တရားရင်ဆိုင်ရသည့်အဆင့် ရောက်ရှိခဲ့သည်...

ဘင်္ဂါလီများသည် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ် အနောက်ခြမ်းဒေသများအား မူဆလင်ပြည်နယ်တစ်ခုအဖြစ်ရရှိရေး ဆောင်ရွက်နေသည်မှာ အထင်အရှားဖြစ်သည်...

## ၅။ အမုန်းစကားအမျိုးအစား အရေအတွက်ပြပုံ






၆။ အမုန်းစကား ဦးတည်ပစ်မှတ် အရေအတွက်များအား ဖော်ညွှန်းပုံ




၇။ အမုန်းစကားရေးသားသူများ သုံးစွဲသည့် keywords များ






## ၈။ နိဂုံး

လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လူထုယုံကြည်မှုလျော့ကျလာသော စစ်ကောင်စီသည် ၎င်းတို့၏ ပြစ်မှုများကို အာရုံလွှဲရန်နှင့် ၎င်းတို့အား ထောက်ခံသူများ စိတ်ဓာတ်မြင့်မားရန် အလို့ ငှာ စစ်ကောင်စီနှင့် နီးစပ်သည့် အဖွဲ့အစည်းများမှ အမုန်းစကားများကို အစဉ်မြဲဖြန့်ဝေလေ့ရှိ သည်။ ထို့အပြင် စစ်ကောင်စီသည် အမုန်းစကားများဖြင့် ၎င်းနှင့်ရင်ဆိုင်နေရသည့် အဖွဲ့အစည်း များ၏ လုပ်ဆောင်ချက်များကို လူထုယုံကြည်မှု ပျက်ပြားအောင် ပြုလုပ်နေသည်။

BHRN သည် စက်တင်ဘာလအတွင်း အမုန်းစကားများ ဖြန့်ဝေမှုကို လေ့လာစောင့်ကြည့်ရာတွင် ရိုဟင်ဂျာများ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်မျဘာသာဝင်များ၊ အမျိုးသမီးများနှင့် မြန်မာနိုင်ငံရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို ပစ်မှတ် ထားတိုက်ခိုက်နေသည်ကို တွေ့ရသည်။ အမုန်းစကားဖြန့်ဝေရာတွင် အကြမ်းဖက်မှုကို အားပေးမှု များ။ နိမ့်ချပြောဆိုခြင်းများ၊ ခြိမ်းခြောက်မှုများကို အများဆုံးပြုလုပ်ခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံအတွင်း အသုံးပြုမှု အများဆုံးဖြစ်သည့် Telegram နှင့် TikTok ကဲ့သို့ သော ပလပ်ဖောင်းများမှတစ်ဆင့် အမုန်းစကားပျံ့နှံ့မှု အလွန်အားကောင်းနေသည်။ အွန်လိုင်းနှင့် ပုံနှိပ်မီဒီယာများတွင် အမုန်းစကား ရေးသားမှုများသည် လက်တွေ့ဘဝတွင် ခွဲခြားဆက်ဆံမှုများ၊ ဘာသာရေးပဋိပက္ခများ၊ လူမဆန်မှုများနှင့် ခြိမ်းခြောက်မှုများကို အားပေးအားမြှောက်ပြုသည့် အသွင်ကို ဖော်ဆောင်နေပါသည်။

## အကြံပြုချက်များ

* Telegram နှင့် TikTok ကဲ့သို့သော ပလပ်ဖောင်းများသည် အမုန်းစကား အကြောင်းအရာများ ကို ခွဲခြားသိမြင်ရန်နှင့် ဖယ်ရှားရန် ကြိုးပမ်းမှုများကို တိုးမြှင့်ရမည်ဖြစ်သည်။
* ဒစ်ဂျစ်တယ် အသိပညာတတ်မြောက်မှုကို မြှင့်တင်ခြင်း- အွန်လိုင်း အမုန်းစကား၏ အန္တရာယ် များအကြောင်း လူအများအား အသိပညာပေးခြင်းနှင့် ဝေဖန်ပိုင်းခြားနိုင်သော တွေးခေါ်မှုစွမ်း ရည်ကို မြှင့်တင်ပေးခြင်း။
* ဆွေးနွေးမှုနှင့် နားလည်မှုကို မြှင့်တင်ခြင်း- ငြိမ်းချမ်းသော ဆွေးနွေးမှုကို အားပေးခြင်းနှင့် ကွဲလွဲနေသော ဇာတ်ကြောင်းများကို တန်ပြန်ရန် ဘာသာပေါင်းစုံ နားလည်မှုကို မြှင့်တင်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် ချဉ်းကပ်မှုဖြင့် မြန်မာနိုင်ငံသည် လူသားအားလုံး အကြောက်တရားနှင့် ခွဲခြားဆက်ဆံခြင်းမှ ကင်းဝေးနေထိုင်နိုင်သည့် ပိုမိုပါဝင်ပြီး သည်းခံနိုင်သော လူ့အဖွဲ့အစည်းဆီ သို့ ဦးတည်လုပ်ဆောင်နိုင်မည်ဖြစ် သည်။

## Background on the Burma Human Rights Network (BHRN)

Burma Human Rights Network (BHRN) is based in London, operates across Burma/Myanmar and works for human rights, minority rights and religious freedom in Burma. BHRN has played a crucial role in advocating for human rights and religious freedom with politicians and world leaders.

## Media Enquiries

Please contact:


Kyaw Win,
Executive Director
Burma Human Rights Network (BHRN)
E: kyawwin@bhrn.org.uk
T: +44(0) 740 345 2378

Wai Yan
Researcher
Burma Human Rights Network (BHRN)
E: wai.yan@bhrn.org.uk


Learn More


[Burma Human Rights Network] | [Phone] | [E-mail] | [Website]

Connect with us

Burma Human Rights Network (BHRN) | Walthamstow | London, E17 GB

Unsubscribe | Update Profile | Constant Contact Data Notice

Constant Contact

Try email marketing for free today!